သတင်းလွှာအမှတ်-၀၄/၀၂၊ ၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်။




# ကြက်ခြေနီသတင်းလွှာ

မြန်မာနိုင်ငံအနှံ့ရှိ ကြက်ခြေနီအသင်းခွဲများနှင့် ရပ်ရွာအခြေပြုကြက်ခြေနီစေတနာလုပ်အားရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်ချက်များ

## ဒေသတွင်းလိုအပ်ချက်များကိုဖြည့်ဆည်းခြင်း

### ဘေးအန္တရာယ်ကျရောက်သူများကို ကူညီခြင်း






အသင်းဌာနချုပ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သော တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်း ကျေးရွာတို့မှ ဒေသခံ ရွာသူရွာသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း အစီအစဉ်ကို ဧပြီလ(၂၆)ရက်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာများတွင် ပြုလုပ်ခဲ့ရာ အသင်းဥက္ကဌ ဒေါက်တာမျိုးညွန့် တက်ရောက်ခဲ့ပြီး လေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ပါသည်။

ထို့သို့ ထောက်ပံ့ပေးအပ်ရာတွင် တံတားဦးကျေးရွာမှ အိမ်ထောင်စု(၉၆)စုနှင့် အောင်မြင်ကုန်းကျေးရွာမှ အိမ်ထောင်စု(၁၆၉)စု စုစုပေါင်း အိမ်ထောင်စု(၂၆၅)စု အတွက် အိမ်ထောင်စု(၁)စုလျှင် ဆန်(၆) ပြည် အိတ်(၁)အိတ်၊ ဆီ (၅၀)ကျပ်သား(၁)ဗူး၊ ခေါက်ဆွဲခြောက် (၁၂) ထုပ်၊ ငါးသေတ္တာ (၃) ဗူး တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အဆိုပါ ပေးအပ်ပွဲသို့ အသင်းဥက္ကဌ နှင့်အတူ ဒုတိယဥက္ကဌ ဒေါက်တာတင်တင်လေး၊ အချိန်ပြည့်အလုပ်အမှုဆောင် ဒေါက်တာဒေါ်ရီရီတင် ၊ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဌ ဦးအောင်ချို၊ အသင်းဌာနချုပ် ဒုတိယအထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သော ဧပြီလ(၂၁)ရက်နေ့ ညနေပိုင်းကလည်း နေပြည်တော်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် အဆိုပါကျေးရွာများသို့ အချိန်နှင့်တပြေးညီ သွားရောက်ခဲ့ပြီး အပျက်အစီးများကို ကူညီ ရှင်းလင်းပေးခြင်း၊ ရွာသူ/သားများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ကူညီခြင်း၊ မိသားစုချင်း အဆက်အသွယ် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစု စောင့်ရှောက်ပေးခြင်း၊ ဆေးရုံများသို့ ဆက်လက် ပို့ဆောင်ရန် လိုအပ်သည့် လူနာများကို ကြက်ခြေနီ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်း စသည့် လူမှုကရုဏာအကူအညီ ပေးခြင်းများကိုဆောင်ရွက်ခဲ့ကြပါသည်။

### ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကိုမြှင့်တင်ခြင်း




ရှမ်းပြည်နယ် (မြောက်ပိုင်း)

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဌာန အနာဂတ်အတွက်သောက်သုံးရေစီမံချက်မှ မတ်လ (၂၂) ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကို နမ့်ဆန်မြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့တွင် မတ်လ (၂၂) ရက်နေ့က ကျင်းပခဲ့ပါသည်။

ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ“Accelerating Change”“အရှိန်အဟုန်မြင့်ရှေ့သို့ ကြိုးပမ်း ပြောင်းလဲဆောင်ရွက်ခြင်း”ဖြစ်ပါသည်။ ဆောင်ပုဒ်အတိုင်း Sustainable Development Goals (6) – စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင် (၆) အရ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ ရေနှင့်ရေ၏အရေးပါပုံများ အကြောင်းသိရှိစေရန်၊ ရပ်ရွာလူထုအတွင်းရေရှားပါးမှု ကာကွယ်ရေးနှင့် စနစ်တကျ အသုံးပြုတတ်စေရန် ရည်ရွယ်၍ အခမ်းအနားကို ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ကမ္ဘာ့ရေနေ့ ဖြစ်ပေါ်လာပုံ၊ ရေ၏အရေးပါပုံများအကြောင်းရှင်းပြခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အသိပညာပေးပိုစတာများကပ်ခြင်းနှင့် လက်ဆောင်များ ပြန်လည်ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး စီမံချက်ဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။




ကယားပြည်နယ်

လတ်တလော အခြေအနေများကြောင့် ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များတွင် လာရောက်နေထိုင်ကြသည့် ဖရူဆိုနှင့်ဒီးမော့ဆိုမြို့နယ် တို့မှ နေရပ်စွန့်ခွာပြည်သူများနှင့် ဘာသာရေးကျောင်း (၂၂) ကျောင်းအား အခြေခံစားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေသားထောက်ပံ့မှုအား ဧပြီလ(၂)ရက်နေ့မှ (၆)ရက်နေ့အတွင်း ကယားပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး၊ ဥတ္တရာရုံဘုန်းကြီးကျောင်းနှင့် ခရစ်တော်ဘုရင်ဘုရားကျောင်း တို့တွင် ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကယားပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများပူးပေါင်းကာ အိမ်ထောင်စုတစ်စုလျှင် ငွေသား တစ်သိန်းလေးထောင် (၁၀၄,၀၀၀)ကျပ်၊ အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်(၅၀)ကီလိုတစ်အိတ်၊ ပဲ(၂၅)ကီလိုတစ်အိတ်၊ ခေါက်ဆွဲ(၂)ထုပ်၊ အသားဗူး(၄)ဗူး၊ ဆား(၁)ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများဖြစ်ကြသော အနွေးထည်(၁)ထည်၊ ခြင်ထောင်(၁)လုံး၊ မိသားစုဝင် (၅) ဦးစာရှိသည့် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (၁) ပုံး တို့ကို အိမ်ထောင်စုပေါင်း (၉၄၅)စုအား ဖြန့်ဝေပေးခဲ့ကြပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အမှီအခိုကင်းစွာဖြင့် ဘက်မလိုက်ပဲ ကြားနေကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ထိခိုက်ခံစားရမှုအရှိဆုံးနှင့် လိုအပ်နေသူများထံ ရောက်ရှိစေရန်အတွက် တတ်စွမ်းသရွေ့ ကြိုးစားဆောင်ရွက်လျှက်ရှိသည်။



မီးဘေးအန္တရာယ်ဖြစ်စဉ်တိုက်လေ့ကျင့်ခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း



ငလျင်ဘေးအန္တရာယ်ဖြစ်စဉ်တိုက်လေ့ကျင့်ခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း






ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း



ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း






သွေးလှူဒါန်းခြင်း



ကြက်ခြေနီအကြောင်းသိကောင်းစရာများ ဖြန့်ဝေခြင်း

## ကြက်ခြေနီအသိပညာပေးအခန်းကဏ္ဍ



**J.HENARY DUNANT**

**1820 - 1910**

*The Father of Red Cross*

အမြဲပြောင်းလဲနေတဲ့ကမ္ဘာကြီးမှာ မပြောင်းလဲဘဲ ယနေ့ထက်တိုင်တည်ရှိနေသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုကြီးသည် မဆုတ်မနစ်ဖွဲ့၊ လုံ့လအပြည့်ဖြင့် သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါဘေးများ၊ ပဋိပက္ခများ၌ လူသားချင်းစာနာထောက်ထားသောအားဖြင့် ဘေးဒုက္ခခံရသူများအားလိုအပ်သော လူမှုကရုဏာအကူအညီများ ပေးအပ်လာခဲ့သည်မှာ နှစ်ပေါင်း (၁၆၀) တိုင်ခဲ့ပြီ ဖြစ်ပေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၁၆၀) က ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းကို အစပျိုးခဲ့သူ တစ်နည်းအားဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံကူညီတတ်သည့် ကြက်ခြေနီစိတ်ဓာတ်ကို လူသားတွေများ၏ နှလုံးသားတွင် ပေါက်ဖွားစေခဲ့သူ (သို့မဟုတ်) ကြက်ခြေနီလှုပ်ရှားမှုကို အစပြုခဲ့သူ ဟင်နရီဒူးနန့် ကိုဂုဏ်ပြုသောအားဖြင့် ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သော မေလ (၈) ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ကြက်ခြေနီအသင်းများနှင့် ကြက်ခြေနီလုပ်ငန်းများကို လူသားများဂရုပြုအမှတ်ရစေရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှဦးဆောင်ပြီး ၁၉၄၈ ခုနှစ်မှ စတင်၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံအသီးသီး၌ ဖွဲ့စည်းထားသော ကြက်ခြေနီ နှင့် လခြမ်းနီအသင်းတိုင်းက ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။



**လူအားငွေအားဖြင့်ပါဝင် လှူဒါန်းနိုင်ရန် ဖိတ်ကြားခြင်း**


မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည့် လူမှုကရုဏာလုပ်ငန်းများတွင် လူအားငွေအားဖြင့် အားဖြည့် ပါဝင်ကူညီဆောင်ရွက်ကြမည့် ပြည်တွင်းပြည်ပမှ တစ်ဦးချင်းအလှူရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များကို လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်လှူဒါန်းမည်ဆိုပါက -

ဒေါ်မေစန္ဒာမျိုး၊ ဌာနမှူး၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန။

ဖုန်း - ၀၉ ၄၂၂ ၁၆၉၅ ၈၉

https://redcross.2c2p.com






ဧပြီလ (၂၃) ရက်နေ့က နောင်ချိုမြို့နယ်၊ သဖန်းကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည့် ပေါက် ကွဲစေတတ် သောပစ္စည်းများကြောင့် ထိခိုက်အန္တရာယ်လျော့ပါးရေးအကြောင်းကို နေရပ်စွန့်ခွာပြည်သူ (၅၂) ဦးအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပါသည်။




ဧပြီလ (၂၅) ရက်နေ့က ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာ တိုက်နယ်ဆေးရုံမှ အရိုးကျိုးလူနာတစ်ဦးအား ရေးမြို့နယ် ပြည့်သူ့ဆေးရုံကြီးသို့ ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။




ဧပြီလ(၂၅)ရက်နေ့က စစ်ကိုင်းမြို့နယ်တွင် သောက်ရေသုံးရေခက်ခဲနေသော အိမ်ထောင်စု (၄) စုအတွက် ရေဂါလံပေါင်း(၈၀၀)ကို စစ်ကိုင်းမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီတွေက သွားရောက်ပို့ဆောင်ကူညီပေးခဲ့ကြပါသည်။




ဧပြီလ (၇)ရက်နေ့က မြောက်ဦးမြို့နယ်၊ တောင်ဦးကျေးရွာအနီးတွင် ဆိုင်ကယ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အမျိုးသားတစ်ဦးအား ကျောက်တော်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင် (၂) ဦးက ရှေးဦးပြုစုပေးကာ မြောက်ဦးမြို့နယ် တိန်ညို တိုက်နယ်ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြသည်။




ဧပြီလ (၂၂) ရက်နေ့က တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ ဝမ်ကဲကျေးရွာတွင် မီးလောင်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စုတစ်စုအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း၊ မိသားစုသုံးပစ္စည်းနှင့် ရေပုံးတို့ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပါသည်။




ဧပြီလ(၂၅)ရက်နေ့က မယ်ဒီလန်းဆေးရုံတွင် တက်ရောက်ကုသနေသည့်လူနာတစ်ဦး အရေးပေါ်သွေးလိုအပ်နေသောကြောင့် ထားဝယ်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်တစ်ဦးက (AB) သွေးတစ်လုံး သွားရောက်လှူဒါန်းပေးခဲ့ပါသည်။

## သိမှတ်ဖွယ်ရာ အသိပညာပေး အခန်းကဏ္ဍ

နှလုံးသားဖြင့်ကူညီ

#တို့ကြက်ခြေနီ

ယခုနှစ် ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်ဖြစ်တဲ့ "Everything We Do Comes #fromtheheart' မြန်မာလိုတော့ "နှလုံးသားဖြင့်ကူညီ တို့ကြက်ခြေနီ" ဖြစ်ပါတယ်။ ဒီနှစ်ဆောင်ပုဒ်ရဲ့ အဓိပ္ပါယ်ကတော့ ကြက် ခြေနီလှုပ်ရှားမှုတိုင်းမှာ လူသားဖြစ်တည်မှု၊ မတူကွဲပြားမှုများ မရှိဘဲ ကမ္ဘာ တစ်ဝန်းပျံ့နှံ့တည်ရှိနေကြတဲ့ ကြက်ခြေနီစေတနာလုပ်အားရှင်များရဲ့ ရပ်ရွာ လူထုအတွက် ကူညီဆောင်ရွက်ပေးမှုတိုင်းဟာ ၎င်းတို့ရဲ့ ရင်ထဲ နှလုံးသား ထဲကလာတဲ့ စိတ်စေတနာအလျောက် လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်တယ် ဆိုတဲ့ အချက်ကို အဓိက မီးမောင်းထိုးပြလိုခြင်း ဖြစ်ပါတယ်။










ဒေါ်ရွှေစင်ကျော်စိုး၊ ညွှန်ကြားရေးမှူး၊
လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန။ (ဖုန်း – ၀၉ ၉၇၇ ၁၁၅၆ ၀၁)

MRCS ၏ လစဉ်သတင်းစာစောင်များကို လေ့လာလိုပါက ယခုလင့်ခ် https://www.redcross.org.mm/my_MM/publications/ ကိုနှိပ်ပါ။

# အတွေ့အကြုံများကို သုံးသပ်ပြီး ရှေ့သို့ ဆက်လက်ဆောင်ရွက်ခြင်း –
# နေရာဒေသအသီးသီးက ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များ။


ကရင်ပြည်နယ်

ဧပြီလ (၁၂) ရက်နေ့ ကမမောင်းမြို့တွင် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုပေးပြီး ကမမောင်းစက်လှေဆိပ်မှ တစ်ဆင့် ဘားအံဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပါသည်။


မန္တလေးတိုင်းဒေသကြီး

ဧပြီလ (၂၉) ရက်နေ့က ညောင်ဦးမြို့နယ်၊ ကန်နီပေါက်အုပ်စု၊ ဂျိုးကန်ကျေးရွာတွင် မီးလောင်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စု (၁၆) စုအတွက် လိုအပ်သောအသုံးဆောင်ပစ္စည်းများကို ဖြန့်ဝေပေးခဲ့ပါသည်။


ဧရာဝတီတိုင်းဒေသကြီး

ဧပြီလ (၂၇) ရက်နေ့က ဘိုကလေးမြို့နယ်တွင် စေတနာသွေးသန့် သွေးလှူရှင်စုဆောင်းရေးနှင့် သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကိုကျော်ဖုံထေရဝါဒပရိယတ္တိစာသင်တိုက်တွင်ပြုလုပ်ခဲ့ပါသည်။


နေပြည်တော်

ဧပြီလ(၈)ရက် ညနေပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၂၂၂/၆) အနီးတွင် ယာဉ်မတော်တဆတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာထိခိုက်ဒဏ်ရာရသူများကိုရှေးဦးပြုစုပေးခဲ့ပြီး နေပြည်တော် ကုတင် ၁၀၀၀ ပြည်သူ့ဆေးရုံသို့ ကူညီ ပို့ဆောင်ပေးခဲ့ပါသည်။


ပဲခူးတိုင်းဒေသကြီး

ဧပြီလ (၂၂) ရက်နေ့က သာယာဝတီမြို့ ပြည်သူ့ဆေးရုံတွင် ကုသမှုခံယူနေသည့် လူနာ(၁)ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနိုင်ရန် သာယာဝတီခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးခဲ့ကြပါသည်။


ရန်ကုန်တိုင်းဒေသကြီး

သုံးခွမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဖွင့်လှစ်သော နွေရာသီပန်းချီ (အခြေခံ) သင်တန်းကို မတ်လ(၂၀) မှ မေလ (၆) ရက်နေ့အထိ ကြက်ခြေနီစေတနာလုပ်အားရှင် ပန်းချီဆရာများက အသင်းခွဲရုံးတွင် ကလေးငယ် (၄၃) ဦးအား သင်ကြားပေးလျက်ရှိပါသည်။

## ရပ်ရွာလူထု အရေးပေါ်လိုအပ်သည့် ပစ္စည်းများထောက်ပံ့ပေးခြင်း




ကချင်ပြည်နယ်

### ဘေးအန္တရာယ်ကျရောက်သူများကို ကူညီခြင်း

ဧပြီလ(၂၈)ရက်နေ့က မိုးညှင်းမြို့နယ်မှ မြစ်ကြီးနားမြို့နယ်သို့ နေရပ်စွန့်ခွာလာသော အိမ်ထောင်စု(၃၅)စုအတွက် တစ်အိမ်ထောင်လျှင် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း(တပတ်စာ)(၁)စုံ၊ မီးဖိုချောင်သုံးပစ္စည်း(၁)စုံ၊ ခြင်ထောင်(၁)လုံး၊ စောင်(၁)ထည်နှင့် လိုအပ်ချက်များအလိုက် အမျိုးသမီးတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း၊ အမျိုးသားတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း များကို ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ပြည်နယ်ကြက်ခြေနီဦးစီးမှူး(ဒုတိယတန်း)၊ မိုးညှင်းခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ဦးဆောင်ကာ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများနှင့်၊ ကြက်ခြေနီစေတနာလုပ်အားရှင်များက နေရပ်စွန့်ခွာပြည်သူများနေထိုင်ရာ ကျေးရွာများသို့ သွားရောက်ခဲ့ကြပြီး စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုများကိုလည်း ပြုလုပ်ပေးခဲ့ကြပါသည်။ ထို့နောက် ကြက်ခြေနီက ဆောင်ရွက်လျက်ရှိသောလူမှုကရုဏာလုပ်ငန်းများနှင့်ပတ်သက်၍ ကြက်ခြေနီအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး ပေါက်ကွဲစေတတ်သောပစ္စည်းများအန္တရာယ်အသိပညာပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးခဲ့ကြပါသည်။


ရှမ်းပြည်နယ် (တောင်ပိုင်း)

မတ်လ (၃၁) ရက်နေ့က ကလောမြို့နယ် ၊ ဝက်ဖြူရေကျေး ရွာအုပ်စု၊ မငွေရွာ၊ အဝင်မိုင် (၁၄/၁၅) ကြားတွင် ခရီးသည် တင်ယာဉ် တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ် ရာရရှိသူများအား ရှေးဦးပြုစုပေးပြီး ကြက်ခြေနီလူနာတင် ယာဉ်ဖြင့် နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခဲ့ပါသည်။


မကွေးတိုင်းဒေသကြီး

မတ်လ (၂၅) ရက်နေ့က စလင်းမြို့နယ်၊ ပိန္နဲပင်ကျေးရွာတွင် မီးဘေးသင့်အိမ်ထောင်စု (၃၃) စုအား မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရည်သန့်ရှင်းသုံးပစ္စည်း၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်း၊ အိမ်ဆောက်အထောက်အကူပြုပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်း တို့ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ကျေးဇူးတင်ခြင်း – မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို မြို့နယ်ကြက်ခြေနီအသင်းခွဲများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုမိတ်ဖက်အသင်းများ၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာမှ အလှူရှင်များ သာမက၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍရှိမိတ်ဖက်များ၊ တစ်သီး ပုဂ္ဂလများစသည်တို့မှ ပံ့ပိုးကူညီပေးခြင်း ဖြစ်သည့် အတွက် အထူးကျေးဇူးတင်ရှိပါသည်။